# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
# ရေဆင်း၊ နေပြည်တော်
# ဘွဲ့လွန်သင်တန်းသားများ ခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း၊ နေပြည်တော်)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ မွေးမြူရေးပညာမဟာဘွဲ့သင်တန်း၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်ရန်ရှိပါသဖြင့် လျှောက်လွှာများ ခေါ်ယူအပ်ပါသည်-

| စဉ် | ဖွင့်လှစ်မည့်ဌာန | ဖွင့်လှစ်မည့်သင်တန်းများ | အခြေခံဘွဲ့လိုအပ်ချက် |
|---|---|---|---|
| ၁ | ဆေးပညာဌာန | ၁။M.V.Sc.(Medicine)<br>၂။Ph.D.(Medicine) | B.V.Sc./D.V.M.<br>M.V.Sc.(Medicine)/<br>M.V.M.(Medicine) |
| ၂ | ခွဲစိတ်ကုနှင့်မျိုးပွားပညာဌာန | ၁။M.A.Sc.(Reproduction)<br>၂။M.V.Sc.(Theriogenology)<br>၃။M.V.Sc.(Surgery)<br>၄။Ph.D.(Theriogenology)<br><br>၅။Ph.D.(Surgery) | B.A.Sc.<br>B.V.Sc. /D.V.M.<br>B.V.Sc. /D.V.M.<br>M.V.Sc.(Reproduction/<br>Theriogenology)<br>M.V.Sc.(Surgery)/<br>M.V.M.(Surgery) |
| ၃ | မွေးမြူရေးပညာဌာန | ၁။M.A.Sc.(Pig Production)<br>၂။M.A.Sc.(Ruminant Production)<br>၃။M.A.Sc.(Poultry Production)<br>၄။M.V.Sc.(Animal Production)<br>၅။Ph.D.(Animal Production) | B.A.Sc.<br>B.A.Sc.<br>B.A.Sc.<br>B.V.Sc./D.V.M.<br>M.V.Sc.(Animal Production) |
| ၄ | တိရစ္ဆာန်အာဟာရဗေဒဌာန | ၁။M.A.Sc.(Animal Nutrition)<br>၂။M.V.Sc.(Animal Nutrition)<br>၃။Ph.D.(Animal Nutrition) | B.A.Sc.<br>B.V.Sc./D.V.M.<br>M.A.Sc.(Animal Nutrition)/<br>M.V.Sc.(Animal Nutrition) |
| ၅ | ရောဂါဗေဒနှင့်<br>အဏုဇီဝဗေဒဌာန | ၁။M.V.Sc.(Pathology)<br>၂။M.V.Sc.(Microbiology)<br>၃။Ph.D.(Microbiology) | B.V.Sc./D.V.M.<br>B.V.Sc./D.V.M.<br>M.V.Sc.(Microbiology) |
| ၆ | ဆေးဝါးဗေဒနှင့်<br>ကပ်ပါးဗေဒဌာန | ၁။M.V.Sc.(Pharmacology)<br>၂။M.V.Sc.(Parasitology)<br>၃။Ph.D.(Pharmacology)<br>၄။Ph.D.(Parasitology) | B.V.Sc./D.V.M.<br>B.V.Sc./D.V.M.<br>M.V.Sc.(Pharmacology)<br>M.V.Sc.(Parasitology) |

| စဉ် | ဖွင့်လှစ်မည့်ဌာန | ဖွင့်လှစ်မည့်သင်တန်းများ | အခြေခံဘွဲ့လိုအပ်ချက် |
|---|---|---|---|
| ၇ | တိရစ္ဆာန်ဆေးကုဆိုင်ရာ ပြည်သူ့ကျန်းမာရေး ပညာဌာန | ၁။M.V.Sc.(Public Health)<br>၂။M.V.Sc.(Epidemiology)<br>၃။Ph.D.(Public Health)<br>၄။Ph.D.(Epidemiology) | B.V.Sc./D.V.M.<br>B.V.Sc./D.V.M.<br>M.V.Sc.(Public Health)<br>M.V.Sc.(Epidemiology) |
| ၈ | ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒဌာန | ၁။M.A.Sc.(Biochemistry)<br>၂။M.A.Sc.(Physiology)<br>၃။M.V.Sc.(Biochemistry)<br>၄။M.V.Sc.(Physiology)<br>၅။Ph.D.(Biochemistry)<br>၆။Ph.D.(Physiology) | B.A.Sc.<br>B.A.Sc.<br>B.V.Sc./D.V.M.<br>B.V.Sc./D.V.M.<br>M.V.Sc.(Biochemistry)<br>M.V.Sc.(Physiology) |
| ၉ | ခန္ဓာဗေဒဌာန | ၁။M.A.Sc.(Anatomy)<br>၂။M.V.Sc.(Anatomy)<br>၃။M.V.Sc.(Histopathology) | B.A.Sc.<br>B.V.Sc./D.V.M.<br>B.V.Sc./D.V.M. |
| ၁၀ | တောရိုင်းတိရစ္ဆာန်နှင့် ရေနေသတ္တဝါဆိုင်ရာ ရောဂါဗေဒဌာန | ၁။M.A.Sc.(Apiculture & Aquaculture)<br>၂။M.V.Sc.(Zoo & Wildlife Medicine)<br>၃။M.V.Sc.(Aquatic Medicine) | B.A.Sc.<br>B.V.Sc./D.V.M.<br>B.V.Sc./D.V.M. |
| ၁၁ | မျိုးရိုးဗီဇနှင့် တိရစ္ဆာန်သားစပ်ပညာဌာန | ၁။M.A.Sc.(Genetics & Animal Breeding)<br>၂။M.V.Sc.(Genetics & Animal Breeding)<br>၃။Ph.D.(Genetics & Animal Breeding) | B.A.Sc.<br>B.V.Sc./D.V.M.<br>M.V.Sc.(Genetics & Animal Breeding/ Animal Production) |

၂။ သင်တန်းဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/ မိတ္တူ တင်ပြနိုင်ရမည်။)

(ခ) ဘွဲ့လိုအပ်ချက်မှာ အထက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်ပါသည်။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်း တင်ပြရမည်။

(ဃ) ဤတက္ကသိုလ်တွင် မွေးမြူရေးပညာမဟာဘွဲ့(M.A.Sc.) သင်တန်းနှင့် တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ (M.V.Sc.)သင်တန်း တက်ရောက်နေဆဲ သင်တန်းသားများသည် ၃၀-၅-၂၀၂၅ ရက်တွင် သက်ဆိုင်ရာကျမ်းရေးသားပြုစုပြီးကြောင်း သက်ဆိုင်ရာပါမောက္ခ/ဌာနမှူး၏ ထောက်ခံစာတင်ပြနိုင်ပါက ပါရဂူဘွဲ့(Ph.D.) သင်တန်းကို လျှောက်ထားခွင့်ပြုမည်။

(င) မွေးမြူရေးပညာမဟာဘွဲ့ (M.A.Sc.)သင်တန်းနှင့် တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ (M.V.Sc.) သင်တန်းများအတွက် သင်တန်းကာလ(၂)နှစ်နှင့် ပါရဂူဘွဲ့ (Ph.D.)သင်တန်းကာလမှာ (၃)နှစ်ဖြစ်ပြီး သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်ရမည်။

(စ) မွေးမြူရေးပညာမဟာဘွဲ့(M.A.Sc.)သင်တန်းအတွက် **၂၀၂၄ ခုနှစ်အထိ** B.A.Sc. ဘွဲ့ရရှိသူများ လျှောက်ထားနိုင်ပြီး လျှောက်ထားသည့် အထူးပြုဘာသာရပ်တွင် အနိမ့်ဆုံး Grade–4 (သို့မဟုတ်) အမှတ်(၆၅)မှတ် ရရှိရမည်။

(ဆ) တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(M.V.Sc.)သင်တန်းအတွက် **၂၀၂၄ ခုနှစ်အထိ** B.V.Sc./D.V.M. ဘွဲ့ရရှိသူများ လျှောက်ထားနိုင်ပြီး လျှောက်ထားသည့် အထူးပြုဘာသာရပ်တွင် အနိမ့်ဆုံး Grade–4 (သို့မဟုတ်) အမှတ်(၆၅)မှတ် ရရှိရမည်။

(ဇ) ဘာသာရပ်ဆိုင်ရာပါရဂူဘွဲ့သင်တန်းအတွက် B.V.S./B.V.Sc./D.V.M./B.A.Sc. အခြေခံဘွဲ့ရရှိထားပြီး သက်ဆိုင်ရာ Veterinary Science Subject/ Animal Science Subject တစ်ခုခုဖြင့် ပြည်တွင်းပြည်ပ တက္ကသိုလ်တစ်ခုခုမှ သက်ဆိုင်ရာ Master ဘွဲ့ရရှိရမည်။

(ဈ) အထက်ဖော်ပြပါအချက်များနှင့်ပြည့်စုံသူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ စစ်ဆေးမည့် ဘွဲ့လွန်သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲ **(အင်္ဂလိပ်စာနှင့် သက်ဆိုင်ရာအထူးပြုဘာသာရပ်)**ကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်စွာဖြေဆိုနိုင်သူများကိုသာ လူတွေ့နှုတ်ဖြေစာမေးပွဲ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်မှ ဘွဲ့လက်မှတ် (သို့မဟုတ်) ဘွဲ့ရထောက်ခံစာမူရင်းနှင့် မိတ္တူတို့ကို တင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို **၁၉–၅–၂၀၂၅ ရက် (တနင်္လာနေ့)**မှစ၍ သင်တန်းရေးရာဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် **၃၀–၅–၂၀၂၅ ရက် (သောကြာနေ့) ညနေ(၄း၀၀)နာရီ** နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

| **စဉ်** | **ဘာသာရပ်** | **ရက်စွဲ** | **အချိန်** |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ | ၁၂–၆–၂၀၂၅ ရက် (ကြာသပတေးနေ့) | နံနက်(၉)နာရီမှ မွန်းတည့်(၁၂)နာရီ |
| (ခ) | သက်ဆိုင်ရာ အထူးပြုဘာသာရပ် | ၁၃–၆–၂၀၂၅ ရက် (သောကြာနေ့) | နံနက်(၉)နာရီမှ မွန်းတည့်(၁၂)နာရီ |

၆။ ရေးဖြေစာမေးပွဲအောင်စာရင်းကို **၁၇-၆-၂၀၂၅ ရက် (အင်္ဂါနေ့)**တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများအား **၁၉-၆-၂၀၂၅ ရက် (ကြာသပတေးနေ့)**တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ **လူတွေ့စစ်ဆေးမည်။** ဘွဲ့လွန်သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို **၂၀-၆-၂၀၂၅ ရက် (သောကြာနေ့)**တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ထုတ်ပြန်မည်။

၇။ မွေးမြူရေးပညာမဟာဘွဲ့သင်တန်း၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများကို **၂၃-၆-၂၀၂၅ ရက် (တနင်္လာနေ့)**တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့် အချက်အလက်များ၊ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက သင်တန်းရေးရာဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၊ ဖုန်းနံပါတ် ၀၆၇-၃၄၁၆၆၅၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်းနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvs.edu.mm တွင် ကြည့်ရှုရယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။